
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

# ကြီးသောရွေးနုတ်ကယ်တင်ခြင်း 2.08

## ထွက်မြောက်ရာကျမ်း ၁:၆-၁၂၊ ၂

ဒီအကြောင်းအရာကတော့ ဘုရားသခင်ရဲ့လူမျိုးတော်တွေဟာ တိုင်းတပါးမှာ ကျွန်ခံနေခဲ့ကြတဲ့အချိန်ကာလမှာ ဖြစ်ပါတယ်။ ရှင်ဘုရင်ဟာ နန်းတော်နဲ့မြို့တော်အဆောက်အဦးတွေကတည်ဆောက်ဖို့အတွက် သူတို့ကိုကြည့်ရှုခိုင်း စေမယ့်သူကို ခန့်ထားတယ်။ သူတို့ဟာနေ့ညမနားဘဲ အလုပ်စေခိုင်းခြင်းခံရတယ်။ အဲလိုဖိနှိပ်တဲ့ကြားက ဘုရားသခင်ရဲ့လူမျိုးတော်တွေဟာ ဆက်ပြီးများပြား ကြီးထွားလာခဲ့တယ်။ အဲဒီအရာကို ရှင်ဘုရင်မြင်တဲ့အခါ စိုးရိမ်သွားပြီး၊ တိုင်းပြည် ထဲမှာသားယောကျ်ားလေးမွေးရင် သတ်ပစ်ဖို့အမိန့် ပေးတယ်။

အဲဒီအချိန်ကာလမှာ အမျိုးသမီးတစ်ယောက်ဟာ သားယောကျ်ားလေး မွေးဖွားခဲ့တယ်။ သုံးလလုံးလုံးသူ့ကို ဖွက်ထားခဲ့တယ်။ ဒါပေမယ့် သူ့ကိုဖွက်ထားလို့မရနိုင်တော့တဲ့အခါမှာတော့ သူ့ကိုဘယ်လိုကယ်ရမလဲလို့ သူမစဉ်းစားတော့တယ်။ မြစ်ကမ်းနားမှာ ပေါက်တဲ့ကျူကိုင်းတွေကိုယူလာပေးဖို့ ကလေးငယ်ရဲ့အထက်ကအစ်မဖြစ်တဲ့ သူမရဲ့သမီးကို ပြောတယ်။ ကျူကိုင်းနဲ့ခြင်းတောင်း တစ်ခုလုပ်၊ ရေညှိသစ်ဆေးကိုသုတ်ပြီး အတွင်းပိုင်းကိုခြောက်အောင်လုပ်ထားတယ်။ ပြီးတော့ သူငယ်ကို ခြင်းတောင်းထဲထည့်ပြီး မြစ်ကမ်းဘေးရေထဲမှာ ထားတယ်။ အဲဒါကို စောင့်ကြည့်ဖို့ သူ့သမီးငယ်ကို ပြောထားခဲ့တယ်။

ဘုရင့်သမီးတော်ဟာ မြစ်ထဲမှာရေချိုးဆင်းရင်း ခြင်းတောင်းကိုတွေ့သွားတယ်။ အဲဒီခြင်းတောင်းကို ယူလာပေးဖို့ သူ့အစေခံတွေကို ပြောလိုက်တယ်။ ခြင်းတောင်းထဲကို ကြည့်လိုက်တဲ့အခါ လှပတဲ့ကောင်လေးတစ်ယောက်ကို သူတွေ့သွားတယ်။ သူငယ်ကိုတွေ့ တဲ့အခါ အဲဒီသူငယ်ဟာ အလုပ်သမားတွေရဲ့ကလေးဖြစ်တယ်ဆိုတာ သူမသိပေမယ့် သူငယ်ကို သနားသွားပြီး၊ သူ့ကိုမွေးစားဖို့ သူမ ဆုံးဖြတ်လိုက်တယ်။ သူငယ်ကို ရေထဲကဆယ်ယူရခဲ့တဲ့အတွက် သူ့ကို "မောရှေ" လို့နာမည်ပေးခဲ့တယ်။

သူငယ်ရဲ့အစ်မဟာ မင်းသမီးဆီကိုရောက်လာပြီး၊ သူငယ်ကိုပြုစုပေးဖို့ ကလေးထိန်းလိုအပ်ရင် ရှာပေးမယ်လို့ ပြောခဲ့တယ်။ သူမ ခေါ်လာပေးတဲ့ ကလေးထိန်းဟာ အခြားသူမဟုတ်ဘဲ သူငယ်ရဲ့မိခင်ရင်းပဲဖြစ်ပါတယ်။

မောရှေဟာ ဘုရင့်နန်းတော်ထဲမှာ ကြီးပြင်းလာခဲ့တယ်။ တစ်နေ့မှာတော့ ဆိုးညစ်တဲ့ဘုရင့်စစ်သားတစ်ယောက်က သူ့လူမျိုး တစ်ယောက်ကို နှိပ်စက်နေတာကိုမြင်တဲ့အခါ သူအရမ်းစိတ်မကောင်းဖြစ်သွားတယ်။ သူ့စွမ်းအားနဲ့ သူ့လူတွေကို ကယ်တင်နိုင် လိမ့်မယ်လို့ သူထင်ခဲ့ပေမယ့် အလုပ်မဖြစ်ခဲ့ဘူး။ တစ်ရက်တော့ နှိပ်စက်ညှဉ်းပန်းနေတဲ့ စစ်သားတစ်ယောက်လက်ကနေ သူ့လူမျိုးကို ကယ်တင်ဖို့ကြိုးစားရင်း စစ်သားကို မတော်တဆသတ်မိသွားခဲ့တယ်။ ဘုရင့်ပြစ်ဒဏ်သင့်မှာစိုးလို့ သူဟာကန္တာရထဲကို ထွက်ပြေး သွားခဲ့တယ်။

မောရှေဟာ နှစ်ပေါင်းလေးဆယ် တောကန္တာရထဲမှာ တိရစ္ဆာန်တွေကိုထိန်းကျောင်းရင်း အသက်ရှင်နေခဲ့တယ်။ နှစ်ပေါင်း များစွာခံ နေရတဲ့ဒုက္ခဆင်းရဲထဲကယ်တင်ဖို့ ဘုရားသခင်ရဲ့လူတွေဟာ ဘုရားသခင်ဆီကို ငိုကြွေးဆုတောင်းခဲ့ကြတယ်။ ဘုရားသခင်ဟာ သူတို့ဆုတောင်းသံကိုကြားပြီး၊ သူတို့ကိုကယ်တင်ဖို့စီစဉ်တော့တယ်။

**ဆာလံ ၃၄:၁၇** "ဖြောင့်မတ်သောသူတို့သည် အော်ဟစ်သောအခါ၊ ထာဝရဘုရားသည် နားထောင်၍၊ သူတို့ကို ခပ်သိမ်းသောဆင်းရဲ ထဲက ကယ်လွှတ်တော်မူ၏။"

# ကြီးသောရွေးနုတ်ခြင်း - ဆရာလမ်းညွှန် 2.08

## ထွက်မြောက်ရာကျမ်း ၁:၆-၁၂၊၂

### အဓိကအချက်များ

၁) နှစ်များစွာဦးတုန်းက ဘုရားသခင်ရဲ့လူမျိုးတွေဟာ ရှင်ဘုရင်တစ်ပါးဆီမှာ ကျွန်ခံကြရတယ်။ ဘုရင်ဟာ သူတို့ကိုအလုပ်ပိုလုပ်စေတယ်။ လူတွေဟာ ကလေးတွေထပ်မွေးကြပြီး၊ မိသားစုတွေပိုတိုးပွားလာကြတယ်။ ဘုရင်ဟာ စိုးရိမ်လာပြီး၊ မွေးလာတဲ့ ယောကျ်ားလေးတွေကို သတ်ပစ်ဖို့အမိန့်ပေးတယ်။

၂) အမျိုးသမီးတစ်ယောက်ဟာ သားယောကျ်ားလေးမွေးခဲ့တယ်။ ဘုရင့်ဆီကနေ ဖွက်ထားခဲ့တယ်။ ခြင်းတောင်းတစ်လုံး လုပ်ပြီးတော့၊ သူ့ကလေးကိုထည့်ပြီး ရေထဲမှာထားခဲ့တယ်။

၃) ဘုရင့်သမီးဟာ မြစ်ကိုလာတဲ့အချိန်မှာ ခြင်းတောင်းကိုမြင်သွားတယ်။ သူမဟာ ကလေးကိုတွေ့သွားတယ်။ သူမဟာ ကလေးကို မွေးစားဖို့ဆုံးဖြတ်တယ်။ သူ့ကို "မောရှေ" လို့သူမ နာမည်ပေးတယ်။

၄) မောရှေဟာ ဘုရင့်နန်းတော်ထဲမှာပဲ ကြီးပြင်းလာခဲ့တယ်။ တစ်နေ့မှာ ဘုရင့်လူတွေဟာ သူ့လူတွေကို ညှဉ်းပန်းနှိပ်စက်နေတာ မြင်တွေ့ခဲ့တယ်။ သူကူညီဖို့ကြိုးစားရင်း၊ မတော်တဆ စစ်သားတစ်ယောက်ကို သတ်မိသွားတယ်။ သူ ကြောက်လန့်သွားတယ်။ ကန္တာရထဲကို သူထွက်ပြေးခဲ့တယ်။

၅) မောရှေဟာ ကန္တာရထဲမှာ နှစ်ပေါင်းလေးဆယ် နေထိုင်ခဲ့ရတယ်။ သူဟာ တိရစ္ဆာန်တွေကို ထိန်းကျောင်းနေခဲ့တယ်။ ဘုရင့်လက်အောက်က လွတ်ပြီး၊ အခြားတစ်နေရာကိုပို့ပေးဖို့ သူထားရစ်ခဲ့တဲ့လူတွေက ဘုရားသခင်ကို ခေါ်ကြတယ်။ သူတို့ဆုတောင်းသံကို ဘုရားသခင်ကြားခဲ့ပြီး၊ သူတို့ကိုကယ်တင်ဖို့ အစီစဉ်ဆွဲခဲ့တယ်။

### မေးခွန်းများ

၁) အစေခံကျွန်တွေရဲ့မိသားစုတွေ တိုးပွားလာတာကိုကြောက်တဲ့အခါ ဘုရင်က ဘာလုပ်ခဲ့သလဲ?

၂) အမျိုးသမီးတစ်ယောက်ဟာ သူ့ကလေးအသက်ကိုကယ်ဖို့အတွက် ဘာလုပ်ခဲ့သလဲ?

၃) ဘုရင့်သမီးဟာ ကလေးငယ်ကိုတွေ့တဲ့အခါ ဘာလုပ်ခဲ့သလဲ?

၄) ဘုရင့်သမီးဟာ ကလေးငယ်ကို နာမည်ဘယ်လိုပေးခဲ့သလဲ?

၅) မောရှေဟာ ဘာ့ကြောင့်ကန္တာရထဲကို ထွက်ပြေးခဲ့တာလဲ?

၆) လူတွေရဲ့ဆုတောင်းသံကို ဘုရားသခင်ကြားခဲ့သလား?

### အဖြေများ

၁) အစေခံကျွန်တွေနဲ့ဆိုင်တဲ့ မွေးကင်းစယောကျ်ားလေးတွေကို သတ်ပစ်ဖို့ ဘုရင်ကဆုံးဖြတ်ခဲ့ပါတယ်။

၂) အမျိုးသမီးတစ်ဦးဟာ ခြင်းတောင်းတစ်လုံးလုပ်၊ သူ့ကလေးကိုထည့်ပြီး မြစ်ထဲမှာမျှောချထားခဲ့ပါတယ်။

၃) ဘုရင့်သမီးတော်ဟာ ကလေးငယ်ကို မွေးစားခဲ့ပါတယ်။

၄) ဘုရင့်သမီးဟာ ကလေးနာမည်ကို မောရှေလို့ အမည်ပေးခဲ့ပါတယ်။

၅) မောရှေဟာ အစေခံကျွန်တစ်ယောက်ကို ကြမ်းတမ်းစွာဆက်ဆံတဲ့စစ်သားတစ်ယောက်ကို မတော်တဆ သတ်မိခဲ့ပါတယ်။

၆) လူတွေရဲ့ဆုတောင်းသံကို ဘုရားသခင်ကြားခဲ့ပြီး၊ သူတို့ကိုကယ်တင်ဖို့ နည်းလမ်းပြင်ဆင်ခဲ့ပါတယ်။



Kids of Destiny®
Reaching the Next Generation

www.kidsofdestiny.org